Mr. Diijon DaCosta, Sr. ၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဋ္ဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District
Dr. Devon Q. Horton, ကြီးကြပ်သူဌာနမှူး

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**

Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

နိုဝင်ဘာလ 18 ရက်၊ 2024

# Georgia မှ U.S. News & World Report မီဒီယာ၏ အဆင့်သတ်မှတ်ချက်အတွင်း ထိပ်ဆုံးနေရာများအား ရယူနိုင်ခဲ့သည့် စာသင်ကျောင်း နှစ်ကျောင်းကြောင့်ဌာ ထွန်းတောက်၊ မျက်နှာပွင့်ခဲ့ရသည့် DeKalb ကောင်တီ စာသင်ကျောင်းများ

*Kittredge Magnet နှင့် Wadsworth Magnet စာသင်ကျောင်း နှစ်ကျောင်းသည် နံပါတ် 1 နှင့် 2 နေရာတို့၌ အဆင့်သတ်မှတ်ခံခဲ့ရသည်။*

(STONE MOUNTAIN, GA)—DeKalb ကောင်တီကျောင်းခရိုင် (DCSD) အနေနှင့် ၎င်း၏ စာသင်ကျောင်း နှစ်ကျောင်းသည် ပြည်နယ်အတွင်း အမြင့်မားဆုံးသော ဂုဏ်ပြုဆုများကို ရရှိခဲ့ကြောင်း ဂုဏ်ယူစွာဖြင့် ထုတ်ပြန်ကြေငြာလိုက်ပါသည်။ U.S. News & World Report မီဒီယာ၏ နောက်ဆုံးရ နှစ်စဉ် အဆင့်သတ်မှတ်ချက်များအရ Kittredge မဂ္ဂနက်စာသင်ကျောင်းနှင့် Wadsworth မဂ္ဂနက်စာသင်ကျောင်းတို့သည် မြင့်မားသော အောင်မြင်စွမ်းဆောင်နိုင်မှုများကြောင့်ဌာ Georgia အတွင်း နံပါတ်တစ် နှင့် နံပါတ်နှစ် မူလတန်းကျောင်းများအဖြစ် အသီးသီး အမည်သွင်း၊ ဂုဏ်ပြုခြင်းကို ခံခဲ့ရသည်။

"ဒီလိုထူးခြားတဲ့ အသိအမှတ်ပြုခံရမှုဟာဆိုရင် ကျွန်ုပ်တို့ရဲ့ အသိအမှတ်ပြုလောက်ဖွယ်သော ကျောင်းသားတွေ၊ ထူးချွန်သော ဆရာ၊ဆရာမတွေ၊ စီမံအုပ်ချုပ်သူတွေ၊ ဘုတ်အဖွဲ့ဝင်တွေ၊ ဒါ့အပြင် မယုံနိုင်လောက်ဖွယ်သော ထောက်ပံ့ရေး ဝန်ထမ်းတွေနဲ့ ရပ်ရွာအဖွဲ့အစည်း၊ လုပ်ငန်းရှင် လက်တွဲဖော်ပါတနာများ အစရှိသူတွေ တော်တော်များများရဲ့ ကြိုးစားမှုနဲ့ နှစ်မြှုပ်အားထုတ်မှုတွေကို ရောင်ပြန်ထင်ဟပ်နေခြင်းပဲ ဖြစ်ပါတယ်၊" ဟု ကြီးကြပ်သူဌာနမှူးဖြစ်သည့် Dr. Devon Q. Horton မှ ဆိုသည်။ "ဒီအခြင်းအရာဟာ တကယ်တော့ စုပေါင်းကြိုးပမ်းအားထုတ်မှုတစ်ခုပဲ ဖြစ်ပြီး၊ ကျောင်းသားတစ်ဦးစီတိုင်းကို ကမ္ဘာ့အဆင့်မီ အခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်ဖို့နဲ့ DeKalb ကောင်တီစာသင်ကျောင်းများရဲ့ ဂုဏ်ယူဖွယ်သော ကျောင်းပြီးမြောက်အောင်မြင်သူများ ဖြစ်လာစေဖို့ ကျွန်ုပ်တို့တွေ ကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်တွေပဲ ဖြစ်ပါတယ်။"

ခရိုင်၏ အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့မှုများအား ကြည့်ရှုမည်ဆိုလျှင် ဤကျောင်းနှစ်ကျောင်းထက်ပင် ကျော်လွန်ပြီး၊ အဆင့်များ အားလုံးတွင် ပညာရေးဆိုင်ရာ အောင်မြင်ရရှိမှုအတွက် တစ်သမတ်တည်းသော နှစ်မြှုပ်အားထုတ်မှုများကို တွေ့ မြင်ရပေမည်။

<u>Georgia ၏ ထိပ်တန်း မူလတန်းကျောင်း 100 စာရင်း (DCSD အဆင့်သတ်မှတ်ချက်များ)</u> -

- Kittredge မဂ္ဂနက်ကျောင်း (1)
- Wadsworth Magnet School for High Achievers မဂ္ဂနက်ကျောင်း (2)
- Austin မူလတန်းကျောင်း (အဆင့် 15)
- Vanderlyn မူလတန်းကျောင်း (38)
- Oak Grove မူလတန်းကျောင်း (40)
- Dunwoody မူလတန်းကျောင်း (54)

<u>Georgia ၏ ထိပ်တန်း အလယ်တန်းကျောင်း 100 စာရင်း (DCSD အဆင့်သတ်မှတ်ချက်များ)</u> -

- Globe Academy ချာတာကျောင်း (34)
- Chamblee အလယ်တန်းကျောင်း (39)
- DeKalb Elementary School of the Arts မူလတန်းကျောင်း (79)

- Museum School of Avondale Estates စာသင်ကျောင်း (80)
- DeKalb Agriculture Technology and Environment School စာသင်ကျောင်း (87)

Georgia ၏ ထိပ်တန်း အထက်တန်းကျောင်း 100 စာရင်း (DCSD အဆင့်သတ်မှတ်ချက်များ) *ဧပြီ 2024 ထုတ်ပြန်ချက်*-

- DeKalb အနုပညာသင်တန်းကျောင်း (7)
- Chamblee Charter အထက်တန်းကျောင်း (33)
- DeKalb Early ကောလိပ်အကယ်ဒမီ (35)
- Dunwoody အထက်တန်းကျောင်း (66)
- Arabia Mountain အထက်တန်းကျောင်း (76)

U.S. News & World Report မီဒီယာ၏ အဆိုအရမူ အမှန်တကယ်ပင် ကောင်းမွန်သော စာသင်ကျောင်းများဆိုသည်မှာ စင်စစ် လူမှုစီးပွားရေး နောက်ခံအမျိုးမျိုးမှလာသော ကျောင်းသားများအားလုံးအား အောင်မြင်မှုများရယူနိုင်စေရန် ပညာပေးနိုင်သော စာသင်ကျောင်းများကို ရည်ညွှန်းခြင်း ဖြစ်သည်။ ကျောင်းသားများအား အထက်တန်းကျောင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် အသင့်ဖြစ်စေရန် အကောင်းဆုံး ပြင်ဆင်ပေးနိုင်သည့် ပြည်နယ် သင်ရိုးညွှန်းတမ်းအတွင်းမှ ပင်မ အရည်အချင်းများ ဖွံ့ ဖြိုးတိုးတက်လာစေဖို့မှာ သင်ကြားပေးသော စာသင်ကျောင်းများ ဖြစ်သည်။

"ဒီ 2024 ရဲ့ အကောင်းဆုံး မူလတန်းနဲ့ အလယ်တန်းကျောင်း အဆင့်သတ်မှတ်ချက်များဟာဆိုရင် မိဘတွေအတွက် မိမိတို့ကလေး တက်ရောက်နေတဲ့ စာသင်ကျောင်းအကြောင်း အကြမ်းဖျင်း သိရှိနားလည်လာစေမှာ ဖြစ်တဲ့အပြင် အဆိုပါကျောင်းဟာ ၎င်းတို့ရဲ့ ရပ်ရွာအဖွဲ့အစည်းအတွင်းမှာ ဘယ်လောက်ကောင်းမွန်စွာ စီမံလည်ပတ်လျက်ရှိကြောင်းကိုလည်း ပိုမိုနားလည်လာစေမှာ ဖြစ်ပါတယ်၊" ဟု U.S. News မှ ပညာရေးပိုင်းဆိုင်ရာ တာဝန်ခံ အယ်ဒီတာဖြစ်သူ LaMont Jonesမှ ပြောကြားခဲ့သည်။ "ကျောင်းသား-ဆရာ အချိုး၊ ခရိုင် အသုံးစရိတ်နဲ့ စာသင်ကျောင်းမှာ ရရှိနိုင်မယ့် ကျောင်းအကြိုပေးအတိုင်ပင်ခံ အရေအတွက် အစရှိတာတွေနဲ့ပတ်သက်တဲ့ ဒေတာအချက်အလက်တွေကို အလွယ်တကူ ဝင်ရောက်ရယူနိုင်ခြင်းဟာဆိုရင် မိဘတွေကို သတင်းအချက်အလက် အသိပေးနိုင်မှာဖြစ်တဲ့အပြင် ပါဝင်ပတ်သက်မှုလည်း ရှိစေမှာ ဖြစ်ပါတယ်။"

U.S. News & World Report ၏ K-8 အဆင့်သတ်မှတ်ချက်များသည် စင်စစ် U.S. ပညာရေးဌာနမှ ရရှိသော ထုတ်ပြန်ကြေငြာထားသည့် ဒေတာအချက်အလက်များပေါ်တွင် လုံးလုံး အခြေခံထားခြင်း ဖြစ်ပြီး၊ ကျောင်းသားများ၏ နောက်ခံဘက်ဂရောင်းများနှင့် ပညာရေးပိုင်းတွင် အလုံးစုံသော ထိရောက်စွမ်းဆောင်နိုင်မှုများအား ထည့်သွင်းစဉ်းစားကာ သင်္ချာဘာသာရပ် နှင့် စာဖတ်/ဘာသာစကားဝိဇ္ဇာ ဘာသာရပ်များတို့တွင် ကျောင်းသားများ မည်မျှ ကျွမ်းကျင်မှုရှိကြောင်း ခရိုင်၏ အကဲဖြတ်စစ်ဆေးမှုများအပေါ် အာရုံစိုက်၊ အခြေခံဆောင်ရွက်ထားခြင်း ဖြစ်သည်။ ကျောင်းသား-ဆရာ အချိုးများသည် အလုံးစုံသော ရမှတ်အတွင်း သရေကျနေသည့် ရမှတ်များအား ကွဲထွက်သွားစေရန်အတွက်မှာ အသုံးပြုသည်။

U.S. News & World Report သည် မူလတန်းနှင့် အလယ်တန်းကျောင်းများအတွက် နိုင်ငံလုံးဆိုင်ရာ အဆင့်သတ်မှတ်ချက်များအား ထုတ်ပြန်ထားခြင်း မပြုသော်ငြား ၎င်း၏ K-12 ကျောင်းလမ်းညွှန် စာရင်းအတွင်းတွင်မူ နိုင်ငံတစ်ဝှမ်း ကျောင်းပေါင်း 119,000 ကျော်အား ထည့်သွင်းစာရင်းပြုထားသည်။ မူလတန်း နှင့်/သို့မဟုတ် အလယ်တန်းကျောင်း အဆင့် အများပြည်သူပိုင်ကျောင်းပေါင်း 79,374 ကျောင်း ရှိသည့်အကြား ကျောင်းပေါင်း 65,759 (83%) သည် ဤအမျိုးအစားသတ်မှတ်ချက် တစ်ခုမဟုတ် တစ်ခုအတွင်း အဆင့်သတ်မှတ်ခံရသည်။

Georgia ၏**မူလတန်းကျောင်း** 1,923 ကျောင်းအတွက် U.S. News ၏ ပြီးပြည့်စုံသော အဆင့်သတ်မှတ်ချက်များအား သိရှိလိုပါက ဤတွင်ကြည့်ရှုပါ။

Georgia ၏**အလယ်တန်းကျောင်း** 1,095 ကျောင်းအတွက် U.S. News ၏ ပြီးပြည့်စုံသော အဆင့်သတ်မှတ်ချက်များအား သိရှိလိုပါက ဤတွင်ကြည့်ရှုပါ။

Georgia ၏**အထက်တန်းကျောင်း** 472 ကျောင်းအတွက် U.S. News ၏ ပြီးပြည့်စုံသော အဆင့်သတ်မှတ်ချက်များအား သိရှိလိုပါက ဤတွင်ကြည့်ရှုပါ။

XXX